(၂) အခမ်းအနားကျင်းပမည့် ခန်းမနှင့် ကျွေးမွေးဧည့်ခံမည့် ခန်းမများအတွင်း ထိုင်ခုံနေရာပြ လမ်းညွှန်ဆိုင်းဘုတ်များကို မြင်သာအောင် ထားရှိရန်၊

(၃) အခမ်းအနားသို့ တက်ရောက်သည့်ပုဂ္ဂိုလ်များ၏ တက်ရောက်မှုမှတ်တမ်း (Attendance Registration) (အမည်၊ ရာထူး၊ ဌာန/အဖွဲ့အစည်း၊ အစုအဖွဲ့၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊ ကျား/မ၊ နေရပ်လိပ်စာ၊ လက်မှတ်) ရယူရန်၊

(၄) အခမ်းအနားသို့တက်ရောက်လာသူများ နေပြည်တော်ရှိဘုရားစေတီများနှင့် အထင်ကရနေရာ များသို့ သွားရောက်လည်ပတ်မည်ဆိုပါက တာဝန်ခံ၍ လိုက်ပါပို့ဆောင်ရန်နှင့် လေ့လာရေး ခရီးစဉ်အတွက် သွားရောက်လေ့လာမည့်နေရာများ ကြိုတင်ချိတ်ဆက်ဆောင်ရွက်ရန်။

( ဋ ) **ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ**

(၁) ဦးဖြိုးဇော်စိုး — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၂) ဦးအောင်အေးဟန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၃) ဦးအောင်မျိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၄) ဒေါက်တာ ပြည့်ဖြိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၅) ဦးညီညီလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၆) ဦးတင်ထွန်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၇) ဦးမောင်မောင်ကျော် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

**( ၄ ) ညှော်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ကျွေးမွေးမည့်အစားအသောက် (Menu) များနှင့် ကုန်ကျစရိတ်များ တွက်ချက်တင်ပြ အတည်ပြုချက်ရယူရန်၊

(၂) ကျွေးမွေးမည့်အင်အားစာရင်းကို ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီထံမှ ရယူဆောင်ရွက်ရန်၊

(၃) နေ့လယ်စာ ညှော်ခံကျွေးမွေးရေးအတွက် ခင်းကျင်းနေရာချထားမှုအား အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၄) ဖိုရမ်တက်ရောက်မည့်ပုဂ္ဂိုလ်များ၊ အထောက်အကူပြုရုံးအဖွဲ့များ၊ မီဒီယာများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လုံခြုံရေး/ယာဉ်မောင်း ဝန်ထမ်းများအတွက် နေ့လယ်စာကို သတ်မှတ်နေရာတွင် စားသုံးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(၅) ဖိုရမ်ကျင်းပရေးအတွက် အထောက်အကူပြုဆောင်ရွက်ရသည့် ရုံးဝန်ထမ်းများ (စားသောက်ရေး စီစဉ်ပေးထားသည့် အထောက်အကူပြုရုံးအဖွဲ့များ မပါ) အတွက် ကျွေးမွေးရေး စီမံဆောင်ရွက် ပေးရန်၊ (လုပ်ငန်းကော်မတီအလိုက် အနည်းဆုံး အင်အားစာရင်း အတည်ပြုသတ်မှတ်ပေးရန်)

(၆) အရေးကြီးပုဂ္ဂိုလ် ကျွေးမွေးညှော်ခံမည့်ခန်းမအတွင်း စားသောက်ဖွယ်ရာများ သန့်ရှင်းလတ်ဆတ်မှု ရှိစေရေး၊ အချိန်မီ ကျွေးမွေးညှော်ခံနိုင်ရေး သက်ဆိုင်ရာဟိုတယ်နှင့် ချိတ်ဆက်၍ ကြပ်မတ် ကွပ်ကဲဆောင်ရွက်ရန်၊

(၇) အစားအသောက်များကို Food Test ပြုလုပ်ရေး ကျန်းမာရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက် ဆောင်ရွက်ရန်၊

(၈) ဆွေးနွေးပွဲခန်းမများအတွင်း သောက်ရေသန့်များ ပြည့်စုံလုံလောက်မှုရှိရေး စီစဉ်ဆောင်ရွက်ရန်၊

(၉) ညစာစားပွဲ ကျင်းပပြုလုပ်နိုင်ရေး မူဝါဒတောင်းခံ ဆောင်ရွက်ရန်။

**( ၃ ) လုံခြုံရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ် အောင်ကျော်ကျော်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး<br>ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ကိုယ်စားလှယ် တစ်ဦး<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ရဲမှူးချုပ် လှိုင်မင်း<br>တပ်ဖွဲ့မှူး၊ သတင်းရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ် တစ်ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (၆) | ကိုယ်စားလှယ် တစ်ဦး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၇) | ဦးရဲမင်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ရဲမှူးချုပ် ကြည်လင်း<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

( ဎ ) **လုံခြုံရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ဖိုရမ်ကျင်းပမည့်နေရာနှင့် တည်းခိုသည့်နေရာများ လုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေးနှင့် လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်ပေးရန်၊

(၂) ရွေ့ပြေးမော်တော်ယာဉ်/ဆိုင်ကယ်များ စီစဉ်ဆောင်ရွက်ရန်၊

(၃) ဖိုရမ်တက်ရောက်မည့်ကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့များနှင့် မီဒီယာများအတွက် လုံခြုံရေး လည်ဆွဲကတ်များနှင့် ယာဉ်ဝင်ခွင့်ကတ်များအား ဒီဇိုင်းအရောင် ခွဲခြားပြုလုပ်ရန်၊

(၄) လုံခြုံရေးကတ်ပြားများပြုလုပ်မည့် စာသား၊ ဒီဇိုင်း၊ အရောင်၊ အရွယ်အစားများကို ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီထံမှ အတည်ပြုချက်ရယူ ဆောင်ရွက်ရန်။

(ဏ) **ကျန်းမာရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာ အေးထွန်း<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ သီတာလှ<br>ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ ရဲမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ သောင်းလှိုင်<br>ဆေးရုံအုပ်ကြီး<br>ခုတင်(၁၀၀၀) ဆေးရုံကြီး၊ နေပြည်တော် | အဖွဲ့ဝင် |
| (၅) | ဦးဇော်မြတ်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ မြတ်ဝဏ္ဏစိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(တ) **ကျန်းမာရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) MICC–I နှင့် တည်းခိုမည့်နေရာများတွင် Medical Cover အဖွဲ့များ၊ Ambulance ယာဉ်များ တွဲဖက်ထားရှိရန်၊ ကျန်းမာရေးကိစ္စပေါ်ပေါက်ပါက ကုသပေးနိုင်ရေး အခမ်းအနားအစမှပြီးစီးသည်အထိ အချိန်ပြည့်ဆေးခန်း ဖွင့်လှစ်ဆောင်ရွက်ရန်နှင့် အရေးပေါ်အတွက် ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၂) အစားအသောက်များကို Food Test ပြုလုပ်ပေးရန်၊

(၃) လိုအပ်ပါက MICC–I အတွင်း/အပြင် ပိုးမွှားနှိမ်နင်းရေးအတွက် ဆေးဖျန်းရန်၊

(၄) လိုအပ်ပါက ကိုဗစ် ၁၉ နှင့်ပတ်သက်သည့် လိုအပ်မည့်ပစ္စည်းများအား ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ရန်။

(ထ) **သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဆိုင်ရာလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးရဲတင့်<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |

(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင် — အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု
ညှိနှိုင်းရေးကော်မတီ

(၃) ဦးရဲနိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

(၄) ဦးအေးကြွယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၅) ဦးကိုကိုနိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(၆) ဦးသက်ဆွေ — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(၈) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(၉) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(၁၀) ဦးနေဟိန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၁၁) ဦးဝင်းကျော်အောင် — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန

( ဒ ) **သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) သတင်းရယူမည့် မီဒီယာများအား ဖိတ်ကြားခြင်းနှင့် မှတ်ပုံတင်ခြင်း ပြုလုပ်ရန်၊

(၂) ဖိတ်ကြားထားသည့် သတင်းမီဒီယာများအနေဖြင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး ကြီးကြပ်ရန်၊

(၃) အခမ်းအနားတွင် ဗီဒီယို Clip ပြသပါက လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ပေးရန်၊

(၄) သတင်းရုပ်ရှင်၊ ရုပ်သေဓာတ်ပုံများ ရယူထိန်းသိမ်းရန်နှင့် ရုပ်သံမီဒီယာများမှ ရိုက်ကူး၊ တည်းဖြတ်၊ ထုတ်လွှင့်ခြင်းများကို ကြီးကြပ်ဆောင်ရွက်ရန်၊

(၅) ဖိုရမ်တွင် ဆွေးနွေးမှုမှတ်တမ်းများ ရယူထိန်းသိမ်းရန်နှင့် လုံးကောက်ဖော်၍ ထိန်းသိမ်းရန်၊ သတင်းထုတ်ပြန်ရေး ဆောင်ရွက်ရန်၊

(၆) ဖိုရမ်အခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရန်နှင့် ရိုက်ကူးမည့် အစီအစဉ်၊ အချိန်၊ ထိုင်ခုံနေရာချထားမှုပုံစံများကို ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၇) အခမ်းအနားမှတ်တမ်းစာအုပ် ပြုစုထုတ်ဝေရန်၊

(၈) အခမ်းအနားမှူးများ ရွေးချယ်တာဝန်ပေးအပ်ရန်၊

(၉) ဓာတ်ပုံပြခန်း ခင်းကျင်းပြသပါက မူဝါဒ တောင်းခံဆောင်ရွက်ရန်။

( ဓ ) **ဘဏ္ဍာရေးလုပ်ငန်းကော်မတီ**

(၁) ဒေါ်သန်းသန်းလင်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၂) ဒေါ်စီစီပြုံး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၃) ဒေါ်ဖြူဖြူစိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၄) ဦးအောင်မျိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၅) ဦးအောင်ကျော်မိုး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

( န ) **ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ဖိုရမ်အခမ်းအနား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီး၏ ခန့်မှန်းကုန်ကျစရိတ်များ ကြိုတင်တောင်းခံပြီး ဖိုရမ်ကျင်းပရေးဦးစီးကော်မတီသို့ တင်ပြရန်နှင့် ဦးစီးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကြိုတင်ငွေများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၂) ကော်မတီအလိုက် တင်ပြလာသော အမှန်တကယ်ကုန်ကျသည့် အသုံးစရိတ်များအား စိစစ်ချက်များနှင့်အတူ ဦးစီးကော်မတီထံ တင်ပြရန်၊

(၃) ဘဏ္ဍာငွေများ အလေအလွင့် မရှိစေဘဲ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ သုံးစွဲနိုင်ရေးနှင့် သုံးစွဲပြီးသည့် ငွေစာရင်းရှင်းတမ်းအား သတ်မှတ်ကာလအတွင်း ရှင်းလင်းတင်ပြနိုင်ရေး တို့အတွက် လုပ်ငန်းကော်မတီအသီးသီးနှင့် ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်ရန်၊

(၄) ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို လိုအပ်ပါက ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းကော်မတီအသီးသီးထံ ဖြန့်ဝေရန်။

( ပ ) **ဖိုရမ်အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် — ဥက္ကဋ္ဌ
အတွင်းရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး
ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(၂) ဒေါက်တာ ဇော်ဦး — အဖွဲ့ဝင်
စီးပွားရေးသုတေသီ

(၃) ဦးရန်ကျော် — အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့

(၄) ဒေါက်တာ အယ်လ်တူးမိန်းဂေါင် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(၅) ဦးဇော်မြင့်ဦး — အဖွဲ့ဝင်
တွဲဖက်အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၆) ဦးအောင်ကျော်မိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၇) ဦးရဲနိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးဝန်ကြီးဌာန

(၈) ဦးညွှန့်ဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၉) ဒေါက်တာ အောင်ကျော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပညာရေးဝန်ကြီးဌာန

(၁၀) ဦးကျော်စိုးမိုး အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လူငယ်ရေးရာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(၁၁) ဒေါက်တာ စန်းစန်းအေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၂) ဦးမင်းညိုဝင်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၁၃) ဒေါက်တာ စိုးစိုးအောင် အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ်
Naypyitaw State Academy

(၁၄) ဦးဖြိုးကျော်သူ အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၁၅) ဦးနေဟိန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန

(၁၆) ဗိုလ်ချုပ် စိုးနိုင်ဦး (ငြိမ်း) အတွင်းရေးမှူး
အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး
ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ

**( ဖ ) ဗိုရမ်အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အတည်ပြုထားသည့် အခမ်းအနားအစီအစဉ်အတိုင်း အစီအစဉ်တကျ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(၂) မုခ်ဦးဖွင့်လှစ်မှုနှင့် ဖဲကြိုးဖြတ်အခမ်းအနား အစီအစဉ်အား ကြီးကြပ်ကွပ်ကဲရန်၊

(၃) အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး အကြိုဇာတ်တိုက်လေ့ကျင့်မှုများအား ကြီးကြပ်ဆောင်ရွက်ရန်၊

(၄) အခမ်းအနားအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မည့် အခမ်းအနားမှူးများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရေးတို့အား တာဝန်ယူဆောင်ရွက်ရသည့်လုပ်ငန်းကော်မတီများအား ကြီးကြပ်ဆောင်ရွက်ရန်၊

(၅) ဆွေးနွေးပွဲတက်ရောက်သူများ ခန်းမအတွင်း အချိန်မီရောက်ရှိရေး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၆) ဆွေးနွေးပွဲအတွင်း သဘာပတိများ၊ Speaker များ၏ လိုအပ်ချက်များအား ပံ့ပိုးကူညီပေးရန်၊

(၇) ဆွေးနွေးပွဲတွင် ဆွေးနွေးမည့် အကြောင်းအရာနှင့်ပတ်သက်၍ လိုအပ်သည်များ ပြင်ဆင်ရန်၊

(၈) ဆွေးနွေးပွဲခန်းအတွင်း လိုအပ်သည့် အသံစနစ်များ၊ မိုက်များ၊ Projector များ၊ Backdrop များ ပြည့်စုံစေရန် စီစဉ်ဆောင်ရွက်ရန်၊

(၉) ဆွေးနွေးပွဲအစီအစဉ်ရေးဆွဲရန်နှင့် ဆွေးနွေးချက်အနှစ်ချုပ် ပြုစုရန်။

၂။ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးလုပ်ငန်းကော်မတီများအနေဖြင့် ဖိုရမ်အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဆုံးဖြတ်ချက်ရယူလိုသည့် ကိစ္စရပ်များအတွက် ဖိုရမ်ကျင်းပရေးဦးစီးကော်မတီထံ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ဥက္ကဋ္ဌ
လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးဦးစီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

### ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီသည် ဆိုက်ဘာလုံခြုံရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ် ၁ ဦး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ကိုယ်စားလှယ် ၁ ဦး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကိုယ်စားလှယ် ၁ ဦး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ် ၁ ဦး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ် ၁ ဦး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဆ) | ကိုယ်စားလှယ် ၁ ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ် ၁ ဦး<br>တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ် ၁ ဦး<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) တပ်ဖွဲ့မှူး — အတွင်းရေးမှူး
မှုခင်းရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီက ချမှတ်ထားသော ဆိုက်ဘာမှုခင်းဆိုင်ရာ ညွှန်ကြားချက်၊ လုပ်ငန်းစီမံချက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) ဆိုက်ဘာမှုခင်းများနှင့် သက်ဆိုင်သော ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များတွင် နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် သင့် မသင့် လေ့လာ၍ ဦးစီးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဂ) နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်သော ဆိုက်ဘာမှုခင်းဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ဆိုက်ဘာမှုခင်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဆိုက်ဘာမှုခင်းများဖြစ်ပေါ်ပါက ဖော်ထုတ်အရေးယူနိုင်ရေး စီမံထားရှိဆောင်ရွက်ခြင်း၊

(စ) အဆင့်မြင့်ဆိုက်ဘာနည်းပညာများဖြင့် ဆိုက်ဘာမှုခင်းများ ကျူးလွန်လာနိုင်မှုကို ကြိုတင်ကာကွယ်၊ တားဆီး၊ နှိမ်နင်းနိုင်ရေး ဆိုက်ဘာရဲတပ်ဖွဲ့ ဖွဲ့စည်းလေ့ကျင့်ခြင်း၊

(ဆ) နယ်စပ်ဖြတ်ကျော် ဆိုက်ဘာမှုခင်းများ ဖြစ်ပေါ်ပါက နိုင်ငံတကာဥပဒေနှင့်အညီ အရေးယူနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) ဦးစီးကော်မတီသို့ ဆိုက်ဘာမှုခင်းဆိုင်ရာ အစီရင်ခံစာများနှင့် အခြားလိုအပ်သော အစီရင်ခံစာများအား အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်တင်ပြခြင်း၊

(ဈ) နိုင်ငံတကာနှင့် ပြည်တွင်းတွင်ဖြစ်ပွားခဲ့သော၊ ဖြစ်ပွားလျက်ရှိသော ဆိုက်ဘာမှုခင်းများနှင့်ပတ်သက်၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီသို့ ပြုစုတင်ပြခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၅)

## ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီသည် ဆိုက်ဘာလုံခြုံရေးဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ (ဂ) အရ ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဃ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(င) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(စ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဆ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန
ကာကွယ်ရေးဝန်ကြီးဌာန

(ဇ) ကိုယ်စားလှယ် ၁ ဦး — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီက ချမှတ်ထားသော ဆိုက်ဘာကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်၊ လုပ်ငန်းစီမံချက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) ဆိုက်ဘာအကြမ်းဖက်တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် တိုက်ခိုက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်မီတုံ့ပြန်ကာကွယ်မှုစနစ်အား စီမံထားရှိနိုင်ရေးအတွက် ညှိနှိုင်း ကြီးကြပ်ခြင်း၊

(ဂ) ဆိုက်ဘာကာကွယ်ရေးနှင့် သက်ဆိုင်သော ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက် များတွင် နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် သင့် မသင့် လေ့လာ၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီသို့ ဦးစီးကော်မတီမှတစ်ဆင့် တင်ပြခြင်း၊

(ဃ) နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်သော ဆိုက်ဘာကာကွယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူ စာချုပ်များ၊ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းနှင့် ပူးပေါင်းညှိနှိုင်းခြင်း၊

(င) ဆိုက်ဘာကာကွယ်ရေးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ဆိုက်ဘာကာကွယ်ရေးဆိုင်ရာ အကြံပြုချက်များအား သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊ ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ဆ) နိုင်ငံတကာတွင် တိုးတက်ဖြစ်ပေါ်နေသော ဆိုက်ဘာစစ်ဆင်ရေးနည်းပညာ (Cyber Warfare) အား ကာကွယ်နိုင်ရေး၊ တုံ့ပြန်နိုင်ရေးတို့အတွက် မဟာဗျူဟာ၊ နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်ခြင်း၊

(ဇ) ဦးစီးကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သော အစီရင်ခံစာများအား အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် တင်ပြခြင်း၊

(ဈ) ဦးစီးကော်မတီမှ အခါအားလျော်စွာ ပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(ည) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ၏ ဆိုက်ဘာကာကွယ်ရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ထားရှိမှုများအား သတ်မှတ်လုပ်ငန်းစဉ်များနှင့် ညီ မညီ စစ်ဆေးခြင်းနှင့် အကြံပြုချက်များ ပေးပို့ခြင်း၊

(ဋ) နိုင်ငံအဆင့် ဆိုက်ဘာတိုက်ခိုက်မှုများ ကြုံတွေ့လာရပါက ကာကွယ်ခုခံနိုင်ရန် စီမံချက်များ ကြိုတင် ရေးဆွဲ၍ ဆိုက်ဘာလုံခြုံရေးဦးစီးကော်မတီသို့ တင်ပြခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ခြင်း။

မြထွန်းဦး
ဥက္ကဋ္ဌ
ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၈၇/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးမျိုးအောင် (ပ/၃၈၆၁) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၆-၁၁-၂၀၂၅ ရက်နေ့မှ ၂၅-၃-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၆-၃-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၉၁/၂၀၂၅)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ဝါးတန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၃၈၉၊ ဝါးပြစ်မ (မ)]၊ မြေကွက်အမှတ် (၃၄၈/၃၈၆ ၊ ၃၄၈/၃၈၇ ၊ ၃၅၁/၃၈၈ ၊ ၃၃၆/၃၈၉) ရှိ **ရွှေကြာစည်ဘုရားငါးဆူရိပ်သာကျောင်းတိုက်** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၆.၇၆ ဧက** အနက်မှ **၀.၁၅၇ ဧက** ကို ဗုဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးဝင်းသိန်း [၅/အရတ (နိုင်) ၀၃၇၆၅၆] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၉၂/၂၀၂၅)

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၅၂/တကေးကွင်း)၊ ဦးပိုင်အမှတ် (၆၉၊ ၁၁၇၊ ၁၂၃ခ) တို့ရှိ **သာသနာလင်္ကာရပရိယတ္တိစာသင်တိုက်** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၃.၀၀ ဧက** အနက်မှ **၀.၀၇ ဧက** အား ဗုဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၃၄ နှင့်အညီ ဒေါ်ချိုနွယ်ဦး [၁၂/အစန (နိုင်) ၁၀၀၃၉၇] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၉၃/၂၀၂၅)

မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်အမှုတွဲအမှတ် ၉၀/၁၉၉၂-၁၉၉၃ ဖြင့် နှစ် (၃၀) မြေငှားဂရန်ခွင့်ပြုခဲ့ပြီး ခရိုင်အမှုတွဲအမှတ် ၁၀၁ V/၂၀၀၆ ဖြင့် လူနေထိုင်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၃၆ဝိ/- နှုန်းဖြင့် ဦးဝင်းဇော် သို့ အမည်ပြောင်းလဲခွင့်ပြုခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂၆၆-ခ/မရမ်းကုန်း)၊ ဦးပိုင်အမှတ် (ခ/၂၉) ရှိ **မြေဧရိယာ ၀.၇၉၀ ဧက** အား **ဟိုတယ်လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၈၉,၆၀ဝိ/- နှုန်းဖြင့် ဦးဝင်းဇော် [၁၄/မမန(နိုင်) ၁၄၃၂၂၀] သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၇ နှင့် ၉ (က) တို့အရ ဒုတိယအကြိမ် သက်တမ်းတိုးခွင့်ပြုပြီး နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ပြောင်းလဲပြင်ဆင်ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၂၉၄/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုလင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၄၃၇-က/ညောင်ချောက်အရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၃၁-က) ရှိ **မြေဧရိယာ ၁.၂၀ ဧက** အား **ဟိုတယ်လုပ်ငန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ ၅၇၆,၀၀ဝိ/- နှုန်းဖြင့်

ဦးနိုင်လင်းဆွေ [၉/ညဥန (နိုင်) ၁၄၈၀၁၁] သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၉၅/၂၀၂၅)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ အမှတ် (၈) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၁-ခ/လွယ်ကန်မိန်းရပ်)၊ ဦးပိုင်အမှတ် (၃၄-ခ) ရှိ **မြေဧရိယာ ဝ.၉၈ဝ ဧက** အား လားရှိုးမြို့နယ် သမဝါယမအသင်းစုလီမိတက်မှ လေလံတင်ရောင်းချခဲ့ပြီးနောက် လေလံအောင်မြင်သူ ဦးအိုက်ဆန်းနှင့် ဒေါ်မွေးခင် တို့မှ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားလာသဖြင့် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် ၄၄၆-V/၂၀၂၀-၂၀၂၁ (A) ဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှ ၂၀၃၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့အထိ ပန်းချယ်ရီသမအသင်းအမည်ဖြင့် လူနေထိုင်ရန် ခွင့်ပြုထုတ်ပေးခဲ့သည့် (၁၀) နှစ် မြေငှားဂရန်အား ပယ်ဖျက်၍ **ဟိုတယ်လုပ်ငန်း** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၃၅၅,၇၄ဝ/- ကျပ်ဖြင့် ဦးအိုက်ဆန်း [၁၃/လရန (နိုင်) ၂၃၁၁၉၂] နှင့် ဒေါ်မွေးခင် [၁၃/မဆတ (နိုင်) ဝ၆၁၆၇၉] တို့သို့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၁ (ခ) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂၉၆/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ တံခွန်တိုင် (အင်းစိန်) ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅ဝ၅/အထက်တံခွန်တိုင်အရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၂၂/၁) ရှိ မြေဧရိယာ ၂၃.၁၅ ဧက၊ ဦးပိုင်အမှတ် (N/ ၂) ရှိ မြေဧရိယာ ၅.၃ဝ ဧက **စုစုပေါင်းမြေဧရိယာ ၂၈.၄၅ ဧက** အား **ငါးမွေးမြူရေးကန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂၅,၆ဝ၅,ဝဝဝ/- ကျပ်ဖြင့် ဦးလှဝင်း [၁၃/တကန(နိုင်) ၁၃ဝ၄၂၉] နှင့် ဒေါ်အေးသန္တာခိုင် [၇/တငန(နိုင်) ဝဝဝဝ၁၂] တို့သို့ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၃၇ (က)အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃ဝ၄/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးဇော်မျိုးညွန့် (ပ/၄၉၅၂) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၇-၁၂-၂၀၂၅ ရက်နေ့မှ ၆-၄-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၇-၄-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆(က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃ဝ၆/၂၀၂၅)

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးတင့်လှိုင် (ပ/၃၅၆၄) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးတင့်လှိုင် (ပ/၃၅၆၄) အားငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်(၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှ ဩဂုတ်လ

၁၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၁၁/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီးသို့ တွဲဖက်ထားသော အမှတ် (၄) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၂၆၂၉ ရဲမှူးကြီး စိုးမင်းသန့် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၂၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၄/ဟိုမွန် အရှေ့တောင်ရပ်)၊ ဦးပိုင်အမှတ် (၇၁-က) ရှိ **မြေဧရိယာ ၁.၀၀ ဧက** အား **မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ဆောက်လုပ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ဆောက်လုပ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၃၂၁/၂၀၂၅)

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၁၃၇/ မြို့မတောင်ကွင်း)၊ မြေကွက်အမှတ် ( $\frac{1282}{2188}$ ) ရှိ **မြေဧရိယာ ၀.၁၉၄ ဧက** အား နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **မိုင်းကိုင်မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးဝန်ထမ်းအိမ်ရာ** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၂၄/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီးမှ လ ၂၂၃၈၂၅ ရဲအုပ် အေးအေးမော် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၈၈၈၇ အဖြစ်သတ်မှတ်ကာ ရဲလေ့ကျင့်ရေးဌာနကြီး၌ပင် တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၂၅/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၃) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ ရေကြောင်း ရဲတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | လ ၂၀၇၉၃ | ရဲအုပ် အောင်ဇော်မျိုး | ရဲ ၈၈၈၈ |
| (၂) | လ ၂၂၁၅၃၀ | ရဲအုပ် စိုးမင်းဝေ | ရဲ ၈၈၈၉ |
| (၃) | လ ၂၂၂၅၇၀ | ရဲအုပ် ဇော်မျိုးမြင့်ဦး | ရဲ ၈၈၉၀ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၂၆/၂၀၂၅)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၃) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ သတင်းရဲတပ်ဖွဲ့၌ပင် တာဝန်ချထား လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | လ ၁၈၉၁၉၅ | ရဲအုပ် ရန်နောင်စိုး | ရဲ ၈၈၉၁ |
| (၂) | လ ၂၀၆၅၉၇ | ရဲအုပ် ရဲပိုင် | ရဲ ၈၈၉၂ |
| (၃) | လ ၂၁၁၁၄၄ | ရဲအုပ် အောင်မျိုးထွန်း | ရဲ ၈၈၉၃ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၂၇/၂၀၂၅)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းနှင့်ဥပဒေရေးရာဌာနကြီးမှ ဌာနကြီးမှူး ရဲ ၂၁၁၃ ရဲမှူးချုပ် ကျော်လင်း အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ရဲ ၂၁၁၃ ရဲမှူးချုပ် ကျော်လင်း အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့မှ ဩဂုတ်လ ၁၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၃၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြု ခဲ့သည့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) သို့ တွဲဖက်ထားသော အရန်အင်အား

စာရင်းမှ ကြည်း ၃၅၅၆၉ ဒုတိယဗိုလ်မှူးကြီး ဝေဖြိုးမောင် အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၃၆/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှစ၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၄၄၃၈၁ ဗိုလ်မှူး ဇေယျာအောင်
အမှတ်(၇၁)ခြေလျင်တပ်ရင်း

(၂) ကြည်း ၄၆၁၇၉ ဗိုလ်မှူး ဇာဏီအောင်
အမှတ်(၅၁၂)ခြေမြန်တပ်ရင်း

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၃၇/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် တပ်မတော်နည်းပညာတက္ကသိုလ်မှ ကြည်း ၅၀၀၆၅ ဗိုလ်ကြီး မင်းဝေစိုး အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၃၃၉/၂၀၂၅)

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၃/ ဂြိုလ်တု အကွက်)၊ ဦးပိုင်အမှတ် (၂) ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် **မြေဧရိယာ ၃.၁၁၅ ဧက** အနက် **မြေဧရိယာ ၀.၂၃ ဧက** ကို ကရင်ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း၊ **မြေဧရိယာ ၂.၈၈၅ ဧက** ကို မူလပိုင်ရှင်ထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံခွင့်ပြုပါရန် တင်ပြခဲ့မှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၅၀၉ (၂)/ ၁၂/ ကောင်စီရုံးဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားရန် အကြောင်းကြားလာပါသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် မူလပိုင်ရှင်ထံသို့ လွှဲပြောင်းပေးနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃.၁၁၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးယုဝေ အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၈၁ တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မေလ ၄ ရက်နေ့ (ညနေပိုင်း) ထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်နေ့ (နံနက်ပိုင်း) မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၃။ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(စစ်ကိုင်း)၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ ဦးယုဝေ အား သက်ပြည့်ပင်စင်ခံစားခွင့်ပြုရန်အတွက် လုပ်သက် (၂၈) နှစ်ပြည့်ရန် လိုအပ်သော ချို့တဲ့ကာလ ၃ လနှင့် ၁ ရက်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၄၄၊ နည်းဥပဒေခွဲ(က) အရ ဖြည့်စွက်ရေတွက်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်စွဲပါ စာအမှတ်၊ ၁၃၅၈/ တမ-၂/ ၂၂၀/၂/၂၀၂၅ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဖူးပွင့်သိန်း အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန၊ ဝန်ထမ်းရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ

အောက်ဖော်ပြပါ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) (၂) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဌာနများသို့ လစာနှုန်းတူရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဇော်ထွန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | <br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (၂) | မင်းသူရအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | <br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန (ရုံးချုပ်) သို့ တွဲဖက်တာဝန်ချထားသည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ခိုင်ရွှေဝါ အား တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ လစာနှုန်းတူ ညွှန်ကြားရေးမှူးရာထူးဖြင့် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၅)
၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၇/၂၀၂၅ အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့်အောင် ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ဒေါက်တာ ဝါဝါမောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

အမှတ် ၁၇၅။ ဥပဒေရေးရာဝန်ကြီးဌာန၏ ၁၆-၇-၂၀၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၇) အရ ၃-၉-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှ ၂-၁-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို ငြင်းပယ်ထားသော ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးခင်မောင်လွင် (ဌ/၂၃၄၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၃-၁-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှ ၂-၅-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ ၃-၅-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၂၅) ၏ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (က) | ဒေါ်စိုးသန္တာ (ကပ-၅၈၈၀)<br>ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စာပေဗိမာန်ပုံနှိပ်စက်ရုံ |
| (ခ) | ဦးတင့်နိုင်ဝင်း (ကပ-၅၇၆၄)<br>ပုံနှိပ်ကျွမ်းကျင်-၁ (စက်)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ပုံနှိပ်စက်ရုံ (မန္တလေး) | ဦးစီးအရာရှိ (ပုံနှိပ်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဂျီတီစီပုံနှိပ်စက်ရုံ |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ယဉ်ကျေးမှု) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒုတိယအမြဲတမ်းအတွင်းဝန်နေရာသို့ အနုပညာဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ အား တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅၀/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)

**သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစိုးနိုင် အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅၁/၂၀၂၅)**

**သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစံမိုင်း အား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မေလ ၂၃ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၂၀၂၆ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅၈/၂၀၂၅)**

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံကိန်းဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး ဦးလှဝေ အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်(၄)လကို ၁-၁၂-၂၀၂၅ ရက်နေ့မှ ၃၁-၃-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက်(၆၂) နှစ်

ပြည့်သည့် ၁-၄-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၄၅၉/၂၀၂၅)**

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်း အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်(၄)လကို ၂-၁-၂၀၂၆ ရက်နေ့မှ ၁-၅-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၂-၅-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၄၆၄/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ စက်မှုတိုင်း(၄)၊ ညွှန်ကြားရေးမှူးရုံး၊ မန္တလေးမြို့မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (စက်မှု) ဦးထွန်းရိုက် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂-၁-၂၀၂၆ ရက်နေ့မှ ၁-၅-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၂-၅-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၄၆၅/၂၀၂၅)**

**ကြိုတင်ပြင်ဆင်ခွင့် (၄) လ ငြင်းပယ်ခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ မကွေးမြို့မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး ဦးဝင်းပြုံးအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့်(၄)လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှ ဩဂုတ်လ ၂၂ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၄၈၃/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၈-၁၁-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄/၉-၁၃/(၁၂၆၅၂)/ထောက် ၃ ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၇-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/

၂-၃/(၁၁၅၇)/၂၀၂၂ ပါ အတည်ပြုချက်နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၂၆-၁၁-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၁၃၁၄၅/မပ (မြေတိုင်း) – ၆(၂၀၂၅) ဖြင့် စိစစ်တင်ပြချက်တို့အရ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဗိုလ်ကုန်း (၁၈) ရပ်ကွက်မှ မြေတိုင်းအကွက် (၂) ကွက်၊ ကျောက်ကြီးစုရပ်ကွက်မှ မြေတိုင်း အကွက် (၁) ကွက်နှင့် ရွာသစ်ရပ်ကွက်မှ မြေတိုင်းအကွက် (၁) ကွက် စုစုပေါင်းအကွက် (၄) ကွက်ကို မြို့မြေတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်အတွက် ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေအခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးအား **နယ်နိမိတ်သတ်မှတ်ရေး အရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ပဲခူးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၈၄/၂၀၂၅)

### သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်)၊ စက်မှု/ လျှပ်စစ်ဌာနခွဲ (၁) မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဒေါ်ယုယုလှိုင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ မေလ ၁၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက်(၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃(က)အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၈၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၂၁၇/ ၂၀၂၅ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းထွဋ်မြ အား အစမ်းခန့် ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၀၄၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

၁။　သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၀၅၅/၂၀၂၄ ဖြင့် ထုတ်ပြန်ထားသည့် ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် အပိုဒ် ၂၄ အရ ကယားပြည်နယ်အတွင်း ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း

ဝန်ဆောင်မှုလုပ်ငန်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီအား အခါအားလျော်စွာ စစ်ဆေးနိုင်ရန် **စိစစ်ရေးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | အတွင်းရေးမှူး<br>ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း<br>ကနဦးစိစစ်ရေးအဖွဲ့ | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ<br>စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | တွဲဖက်အတွင်းရေးမှူး<br>ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း<br>ကနဦးစိစစ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ည) | ဒုတိယရဲမှူး<br>ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး<br>ရွှေလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |

၂။ စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားရယူထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ခ) နိုင်ငံတော်က သတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီသည့် ဓာတ်သတ္တု (ရွှေ) ကိုသာ ရောင်းချခြင်း၊ ဝယ်ယူခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီက သတ်မှတ် ထုတ်ပြန်ထားသည့် ရည်ညွှန်းဈေးဖြင့်သာ ရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်ထမ်းဆောင်သူ ဟုတ် မဟုတ် စိစစ်ခြင်း၊

(င) ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ငွေပေးချေမှု၊ ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ထုတ်ပြန် ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စ) သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလိုင်စင်ရယူထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ် လျှောက်ထားရယူထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဇ) အမှတ် (၂) သတ္တုတွင်းလုပ်ငန်းက ရွှေရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော နေရာတွင်သာ ရွှေရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဈ) နေ့စဉ်၊ လစဉ် အရောင်းအဝယ်စာရင်းနှင့် လက်ကျန်စာရင်းများကို ပြုစုပြီး သက်ဆိုင်ရာကနဦးစိစစ်ရေးအဖွဲ့သို့ လစဉ်လဆန်း (၅) ရက်အတွင်း မပျက်မကွက်တင်ပြခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ည) စံချိန်မီ ရွှေ၊ ရွှေ၊ ရွှေကြမ်း၊ လက်ဝတ်ရတနာ၊ ရွှေနှင့် ရွှေကြမ်းဖြင့် ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား ရွှေဈေးကွက် မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဋ) ရွှေရောင်းဝယ်ရာတွင် မရိုးမဖြောင့်သော သဘောဖြင့် အခြေပစ္စည်းများ၊ ကံစမ်းမဲများပေး၍ ဈေးနှုန်းတက်နိုင်သည့် အလားသဏ္ဍာန်ဆောင်သော နည်းလမ်းများဖြင့် ရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဌ) လက်ရောက်ရွှေလွှဲပြောင်းခြင်းနှင့် ခွင့်ပြုထားသော ရောင်းဝယ်သည့်နည်းလမ်းမှလွဲ၍ ရွှေကို သဏ္ဍာန်ဆောင် ရောင်းချခြင်း၊ ကြိုရောင်းကြိုဝယ် (လေပတ်ကား) ရောင်းချခြင်းနှင့် တရားမဝင် ရောင်းဝယ်မှုများ ရှိ မရှိ စိစစ်ခြင်း၊

(ဍ) စစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ချက်များကို ရွှေဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးဆပ်ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီထံ အစီရင်ခံတင်ပြခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၁၄၆/၂၀၂၅)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၅/၂၀၂၄ ဖြင့် ထုတ်ပြန်ထားသည့် ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် အပိုဒ် ၂၄ အရ ကရင်ပြည်နယ်အတွင်း ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီအား အခါအားလျော်စွာ စစ်ဆေးနိုင်ရန် **စိစစ်ရေးအဖွဲ့** ကို အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ညွှန်ကြားရေးမှူး — အဖွဲ့ခေါင်းဆောင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) အတွင်းရေးမှူး — ဒုတိယအဖွဲ့ခေါင်းဆောင်
ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း
ကနဦးစိစစ်ရေးအဖွဲ့

(ဂ) ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ — အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်စာရင်းစစ်ချုပ်ရုံး

(စ) ညွှန်ကြားရေးမှူး သို့မဟုတ် တာဝန်ခံအရာရှိ — အဖွဲ့ဝင်
စည်ပင်သာယာရေးအဖွဲ့

(ဆ) တွဲဖက်အတွင်းရေးမှူး — အဖွဲ့ဝင်
ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း
ကနဦးစိစစ်ရေးအဖွဲ့

(ဇ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(ဈ) မြို့နယ်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(ည) ဒုတိယရဲမှူး ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ — အဖွဲ့ဝင်

(ဋ) ကိုယ်စားလှယ်တစ်ဦး ရွှေလုပ်ငန်းရှင်များအသင်း — အဖွဲ့ဝင်

၂။ စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားရယူထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ခ) နိုင်ငံတော်က သတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီသည့် ခာတ်သတ္တု (ရွှေ) ကိုသာ ရောင်းချခြင်း၊ ဝယ်ယူခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ခာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော ခာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီက သတ်မှတ် ထုတ်ပြန်ထားသည့် ရည်ညွှန်းဈေးဖြင့်သာ ရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်ထမ်းဆောင်သူ ဟုတ် မဟုတ် စိစစ်ခြင်း၊

(င) ခာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ငွေပေးချေမှု၊ ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ထုတ်ပြန် ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စ) သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလိုင်စင်ရယူထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အွန်လိုင်း စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ် လျှောက်ထားရယူထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဇ) အမှတ် (၂) သတ္တုတွင်းလုပ်ငန်းက ရွှေရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော နေရာတွင်သာ ရွှေရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဈ) နေ့စဉ်၊ လစဉ် အရောင်းအဝယ်စာရင်းနှင့် လက်ကျန်စာရင်းများကို ပြုစုပြီး သက်ဆိုင်ရာကနဦး စိစစ်ရေးအဖွဲ့သို့ လစဉ်လဆန်း (၅) ရက်အတွင်း မပျက်မကွက်တင်ပြခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ည) စံချိန်မီရွှေ၊ ရွှေ၊ ရွှေကြမ်း၊ လက်ဝတ်ရတနာ၊ ရွှေနှင့် ရွှေကြမ်းဖြင့် ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား ရွှေဈေးကွက် မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဋ) ရွှေရောင်းဝယ်ရာတွင် မရိုးမဖြောင့်သော သဘောဖြင့် အခြေပစ္စည်းများ၊ ကံစမ်းမဲများပေး၍ ဈေးနှုန်း တက်နိုင်သည့် အလားသဏ္ဌာန်ဆောင်သော နည်းလမ်းများဖြင့် ရောင်းဝယ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဌ) လက်ရောက်ရွှေလွှဲပြောင်းခြင်းနှင့် ခွင့်ပြုထားသော ရောင်းဝယ်သည့်နည်းလမ်းမှလွဲ၍ ရွှေကို သဏ္ဌာန်ဆောင် ရောင်းချခြင်း၊ ကြိုရောင်းကြိုဝယ် (လေပတ်ကား) ရောင်းချခြင်းနှင့် တရားမဝင် ရောင်းဝယ်မှုများ ရှိ မရှိ စိစစ်ခြင်း၊

(ဍ) စစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ချက်များကို ရွှေဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေး ဆပ်ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီထံ အစီရင်ခံတင်ပြခြင်း။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၄၁၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂၈/၂၀၂၅ ဖြင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွင် ပုံသေလစာ(၂၇၅,၀၀၀/-နှုန်း) ဖြင့် အစမ်းခန့်ထားခဲ့သော အောက်ဖော်ပြပါ ဦးစီးအရာရှိ (မြို့ပြ)၊ (စက်မှု)၊ (လျှပ်စစ်)၊ (မိုင်း) (အစမ်းခန့်) (၂၃) ဦးတို့အား ယင်းဦးစီးဌာနရှိ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (မြို့ပြ)၊ (စက်မှု)၊ (လျှပ်စစ်)၊ (မိုင်း) ရာထူးဖြင့် အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | ရာထူး | တာဝန်ချထားသည့်ဌာန |
|---|---|---|---|
| (၁) | ဦးချစ်စမ်းအောင် | ဦးစီးအရာရှိ (မြို့ပြ) | စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ (ရုံးချုပ်) |
| (၂) | ဦးကျော်ဇင်ထွန်း | ဦးစီးအရာရှိ (မြို့ပြ) | ပစ္စည်းဖြည့်တင်းရေးဌာနခွဲ (ရုံးချုပ်) |
| (၃) | ဦးတိုးနိုင်ဌေး | ဦးစီးအရာရှိ (မြို့ပြ) | အပူစွမ်းအင်နှင့် ပြန်ပြည့်မြဲစက်ရုံများ တည်ဆောက်ရေးဌာနခွဲ (စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ-တွဲဖက်) |
| (၄) | ဦးကောင်းမြတ်ဦး | ဦးစီးအရာရှိ (မြို့ပြ) | အသေးစားရေအားလျှပ်စစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဌာနခွဲ (စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ-တွဲဖက်) |
| (၅) | ဦးပြည့်ဘုန်းမြင့် | ဦးစီးအရာရှိ (မြို့ပြ) | ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ (ရုံးချုပ်) |
| (၆) | ဦးသန်းနိုင်ရွှေ | ဦးစီးအရာရှိ (မြို့ပြ) | ပစ္စည်းဖြည့်တင်းရေးဌာနခွဲ (ရုံးချုပ်) |
| (၇) | ဦးအောင်မျိုးသိန်း | ဦးစီးအရာရှိ (မြို့ပြ) | စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ (ရုံးချုပ်) |
| (၈) | ဦးစိုးဝေယံဦး | ဦးစီးအရာရှိ (မြို့ပြ) | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ၁ ရုံး စူးစမ်းလေ့လာရေးဌာနခွဲ၊ မန္တလေးမြို့ |
| (၉) | ဦးဟိန်းထက်ဇော် | ဦးစီးအရာရှိ (မြို့ပြ) | ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ (ရုံးချုပ်) |
| (၁၀) | ဦးတင်နိုင်ဝင်း | ဦးစီးအရာရှိ (မြို့ပြ) | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ၃ ရုံး စူးစမ်းလေ့လာရေးဌာနခွဲ၊ မုံရွာမြို့ |
| (၁၁) | ဦးစိုးဝဏ္ဏထွန်း | ဦးစီးအရာရှိ (မြို့ပြ) | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ၃ ရုံး စူးစမ်းလေ့လာရေးဌာနခွဲ၊ မုံရွာမြို့ |
| (၁၂) | ဦးရန်နိုင်ဖြိုး | ဦးစီးအရာရှိ (မြို့ပြ) | လက်ထောက်ညွှန်ကြားရေးမှူး (ဇလဗေဒ)ရုံး စူးစမ်းလေ့လာရေးဌာနခွဲ၊ ပျဉ်းမနားမြို့ (ပေါင်းလောင်း) |
| (၁၃) | ဒေါ်နှင်းအိဖြူ | ဦးစီးအရာရှိ (မြို့ပြ) | ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ (ရုံးချုပ်) |
| (၁၄) | ဒေါ်ရွှေဦးရတနာအောင် | ဦးစီးအရာရှိ (မြို့ပြ) | ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ (ရေ၊ မြေ၊ ကွန်)ရုံး ပျဉ်းမနားမြို့ (ပေါင်းလောင်း) |
| (၁၅) | ဒေါ်လှဲ့လှဲ့ဝင်း | ဦးစီးအရာရှိ (မြို့ပြ) | ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ (ရုံးချုပ်) |
| (၁၆) | ဒေါ်ချစ်မို့မို့ငယ် | ဦးစီးအရာရှိ (မြို့ပြ) | ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ (ရုံးချုပ်) |
| (၁၇) | ဦးကျော်စိုးလင်း | ဦးစီးအရာရှိ (စက်မှု) | သဘာဝပိုဇိုလန်စက်ရုံ (ပုပ္ပါး) |

| စဉ် | အမည် | ရာထူး | တာဝန်ချထားသည့်ဌာန |
|---|---|---|---|
| (၁၈) | ဦးအောင်သီဟ | ဦးစီးအရာရှိ (စက်မှု) | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ရုံး အမှတ် (၅) တည်ဆောက်ရေး ကျိုင်းတောင်းမြို့ |
| (၁၉) | ဦးအောင်ရဲသူ | ဦးစီးအရာရှိ (စက်မှု) | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ရုံး အမှတ် (၃) တည်ဆောက်ရေး၊ ပြင်ဦးလွင်မြို့ |
| (၂၀) | ဦးကျော်ဇေယျ | ဦးစီးအရာရှိ (စက်မှု) | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ၂ ရုံး စက်မှုလျှပ်စစ်တပ်ဆင်ရေးဌာနခွဲ ညောင်လေးပင်မြို့ |
| (၂၁) | ဦးဖြိုးညီညီငြိမ်း | ဦးစီးအရာရှိ (စက်မှု) | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ၁ ရုံး စက်မှုလျှပ်စစ်တပ်ဆင်ရေးဌာနခွဲ ပျဉ်းမနားမြို့ (ပေါင်းလောင်း) |
| (၂၂) | ဦးသားငယ်ခန့် | ဦးစီးအရာရှိ (လျှပ်စစ်) | လက်ထောက်ညွှန်ကြားရေးမှူး(လျှပ်စစ်)၁ရုံး စက်မှုလျှပ်စစ်တပ်ဆင်ရေးဌာနခွဲ တောင်ငူမြို့ |
| (၂၃) | ဦးခိုင်လင်း | ဦးစီးအရာရှိ (မိုင်း) | လက်ထောက်ညွှန်ကြားရေးမှူး (မိုင်း) ရုံး ဘူမိဗေဒဌာနခွဲ၊ တောင်ငူမြို့ |

## အမိန့်ကြော်ငြာစာအမှတ် (၄၁၈/၂၀၂၅)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂၉/၂၀၂၅ ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ပုံသေလစာ (၂၇၅,၀၀၀/-ကျပ်) ဖြင့် အစမ်းခန့် ထားခဲ့သော အောက်ဖော်ပြပါ လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ (လျှပ်စစ်) (အစမ်းခန့်) (၇) ဦးတို့အား ယင်းဦးစီးဌာနရှိ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင် သည့်နေ့မှစ၍ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ (လျှပ်စစ်) ရာထူးဖြင့် အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | ရာထူး | တာဝန်ချထားသည့်ဌာန |
|---|---|---|---|
| (၁) | ဦးရဲမင်းဖြိုး | လက်ထောက် အင်ဂျင်နီယာ(စက်မှု) | မြန်အောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| (၂) | ဦးလွင်ကို | လက်ထောက် အင်ဂျင်နီယာ(စက်မှု) | ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ |
| (၃) | ဦးဘိုဘိုကျော်ဇော | လက်ထောက် အင်ဂျင်နီယာ(စက်မှု) | ကြီးအုံကြီးဝရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ |
| (၄) | ဦးဇင်မျိုးထွန်း | လက်ထောက် အင်ဂျင်နီယာ(လျှပ်စစ်) | ကျိုင်းခမ်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ |
| (၅) | ဦးကျော်ဇင်ဝင်း | လက်ထောက် အင်ဂျင်နီယာ(လျှပ်စစ်) | (ရုံးချုပ်)ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအား စက်ရုံများဌာန |
| (၆) | ဒေါ်ဇင်မွန်အောင် | လက်ထောက် အင်ဂျင်နီယာ(လျှပ်စစ်) | (ရုံးချုပ်)အပူစွမ်းအင်နှင့်ရေအားစက်ရုံများ ဌာန |
| (၇) | ဒေါ်မေဇွန်ဦး | လက်ထောက် အင်ဂျင်နီယာ(လျှပ်စစ်) | (ရုံးချုပ်)အပူစွမ်းအင်နှင့်ရေအားစက်ရုံများ ဌာန |

ဥက္ကာထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

၂၉-၁၁-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၅-၂၀၂၆) မှ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀) ဦးသိန်းဆွေ သည် ၁၅-၄-၂၀၂၆ ရက်နေ့တွင် အသက် (၆၂) နှစ်ပြည့်မြောက်မည်ဖြစ်ပါသဖြင့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၅-၁၂-၂၀၂၅ ရက်နေ့မှ ၁၄-၄-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပါရန်နှင့် ခွင့်စေ့ရောက်သည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၁၅-၄-၂၀၂၆ ရက်နေ့မှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာငြင်းပယ်၍ အသက် (၆၂) နှစ်ပြည့်မြောက်သည့် ၁၅-၄-၂၀၂၆ ရက်နေ့မှ ၁၄-၈-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားစေပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၁၅-၈-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၅)

၂၉-၁၁-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၅-၂၀၂၆) ၏ ဆုံးဖြတ်ချက်အရ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးခင်ရွှေ သည် ၁၇-၅-၂၀၂၆ ရက်နေ့တွင် အသက်(၆၂) နှစ် ပြည့်မြောက်မည်ဖြစ်ပြီး သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာငြင်းပယ်ခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မြောက်သည့် ၁၇-၅-၂၀၂၆ ရက်နေ့မှ ၁၆-၉-၂၀၂၆ ရက်နေ့ ညနေပိုင်းအထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားစေပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၁၇-၉-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၈၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

### ခုံသမာဓိကောင်စီဝင် ဝန်ကြီးဌာနကိုယ်စားလှယ် နှစ်ဦး အစားထိုးခန့်အပ်ခြင်း

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂၀ (က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် ၁၃၂/၂၀၂၃ နှင့် ၈၁/၂၀၂၄ တို့ဖြင့် ဖွဲ့စည်းခဲ့သည့် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိကောင်စီ၊ ဝန်ကြီးဌာနကိုယ်စားလှယ် ဦးကျော်မောင်၊ ပြည်နယ်ဥပဒေအရာရှိ(ငြိမ်း)နှင့် ဦးဆန်းထွန်း၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ **အစား** ဒေါ်စောဝင်း၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊

အလုပ်သမားဝန်ကြီးဌာနနှင့် ဦးထင်ဇော်လတ် (တရားလွှတ်တော်ရှေ့နေ) တို့အား အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်။

အောင်ကျော်ဟိုး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ပါ ဦးစီးမှူးနှင့်လစာနှုန်းတူ (၃) ဦးတို့အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဒေါ်မြသန္တာမြင့် ၉/ညဥန(နိုင်)၁၄၅၅၈၄

(ခ) ဦးသောင်းထိုက် ၁၄/ငပတ(နိုင်)၁၅၆၄၄၈

(ဂ) ဦးသာလင်း ၁၂/ဥကမ(နိုင်)၂၄၃၂၀၁

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေး စိစစ်/ ပေါင်းစပ်/ ညှိနှိုင်း/ ဆုံးဖြတ်မှုများပြုလုပ်နိုင်ရန်နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ရန် **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးချစ်ဆွေ — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဦးမင်းမင်း — ဒုတိယဥက္ကဋ္ဌ(၁)
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂ) ဦးကျော်ရွှေထွန်း — ဒုတိယဥက္ကဋ္ဌ(၂)
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဃ) ဦးမြင့်သူရ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန

(င) ဦးခင်မောင်လှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စားသုံးသူရေးရာဦးစီးဌာန

(စ) ဒေါက်တာ မိုးမိုးသွယ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မူပိုင်ခွင့်ဦးစီးဌာန

(ဆ) ဒေါက်တာ ထိန်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

(ဇ) ဦးအောင်သွင်ဦး — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(ဈ) ဦးအောင်မင်းသိုက် — တွဲဖက်အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကုန်သွယ်မှုဆိုင်ရာမူဝါဒများချမှတ်ခြင်း၊ ပြင်ဆင်ခြင်းအပါအဝင် ကုန်သွယ်မှုလွယ်ကူချောမွေ့ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရန်၊

(ခ) ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အငြိမ်းစားယူခြင်း၊ အပြစ်ပေး အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်စေရန်၊

(ဂ) နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာန ရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်း၊ ပြည်တွင်း/ပြည်ပမှ ပစ္စည်းများဝယ်ယူခြင်း ကိစ္စရပ်များတွင် ဈေးနှုန်းများစိစစ်ခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းအရ အသုံးစရိတ်များကျခံခြင်းနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ညီညွတ်စေရေး ကြပ်မတ်ရန်၊

(ဃ) ဝန်ကြီးဌာနတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ် လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(င) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ နိုင်ငံခြားတိုင်းပြည်များသို့ သင်တန်း၊ ဆွေးနွေးပွဲနှင့် ပညာသင်စေလွှတ်ခြင်းကိစ္စရပ်များ အပေါ် စိစစ်ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) ဝန်ကြီးဌာနပိုင် မြေ၊ အဆောက်အဦ၊ အိမ်ရာများလွှဲပြောင်းပေးခြင်း၊ လေလံတင်ထုခွဲရောင်းချခြင်း၊ ငှားရမ်းခြင်းကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပေးအပ်သည့်တာဝန်များကိုဆောင်ရွက်ခြင်း၊ မမျှော်လင့်နိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် အထွေထွေကိစ္စရပ်များအပေါ် စိစစ်ဆုံးဖြတ်ခြင်း။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၅) အစီအစဉ် ၄ (ဃ-၁၁) ၌ သဘောတူဆုံးဖြတ်ချက်အရ အခြေခံပညာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လေးဦး အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၀/၂၀၂၅)**

အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ချစ်ချစ် အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) ပါ ပြဋ္ဌာန်းချက်အရ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှ စတင်၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြစ်ကြီးနားတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဇင်မာလတ် အား မအူပင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၄/၂၀၂၅)**

ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမိုးလွင် အား အဆင့်မြင့်ပညာဦးစီးဌာန၊ မြစ်ကြီးနားတက္ကသိုလ်ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် အလုပ်တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် သုတေသနအရာရှိ (အစမ်းခန့်) ပုံသေလစာ (၂၇၅,၀၀၀/- ကျပ်) ဖြင့် ခန့်အပ်ထားသော အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၂) ဦးတို့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ သင်တန်းပြီးမြောက်အောင်မြင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သုတေသနအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|
| ၁ | ဦးဝဏ္ဏထွန်း | ၈/ ရနခ (နိုင်) ၁၄၈၆၃၂ |
| ၂ | ဒေါ်မိုးမဥ္ဇူ | ၈/ ပခက (နိုင်) ၂၄၈၈၁၂ |

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

အမှတ် ၂၀၄။    ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၅) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၃၇/၂၀၂၅) တို့၏ သဘောတူဆုံးဖြတ်ချက်အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာကျွမ်းကျင်-၂ (ဆေးဝါး)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂) ဦးတို့အား အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဦးစီးအရာရှိ (ဆေးဝါး/ဆေးပစ္စည်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်ခင်ချိုစံ<br>ဆေးဘက်ဆိုင်ရာကျွမ်းကျင်-၂(ဆေးဝါး)<br>ဆေးပစ္စည်းအလှကုန်/လူသုံးကုန်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် | ဦးစီးအရာရှိ(ဆေးပစ္စည်း)<br>ဆေးပစ္စည်းအလှကုန်/လူသုံးကုန်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |
| ၂။ | ဒေါ်မေသီရိကို<br>ဆေးဘက်ဆိုင်ရာကျွမ်းကျင်-၂(ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ(မန္တလေး) | ဦးစီးအရာရှိ(ဆေးဝါး)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ(မန္တလေး) |

**မှတ်ချက်။** ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိများသည် ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များလွှဲပြောင်း/ လက်ခံပြီး တိုးမြှင့်ထမ်းဆောင်ရန်ဖြစ်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဇောခိကမ်းတံတား ချဉ်းကပ်လမ်း ၁ မိုင် ၁ ဖာလုံ ၅၆၆ ပေအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော နိုင်ငံတကာဆက်သွယ်ရေး **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်–

(က) လမ်းမကြီးအမည် – ဇောခိကမ်းတံတားချဉ်းကပ်လမ်း။
(ခ) လမ်းမကြီးအရှည် – ၁ မိုင် ၁ ဖာလုံ ၅၆၆ ပေ သို့မဟုတ် ၁.၉၈၃ ကီလိုမီတာ။
(ဂ) လမ်းစတင်သည့်နေရာ – ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ် – ဘုတ်ပြင်း – ကော့သောင်းလမ်း၏ မိုင်တိုင်အမှတ် (၅၁၇/၄)နှင့် မိုင်တိုင်အမှတ် (၅၁၇/၅) အကြား၊ တနင်္သာရီမြို့(ဗိုလ်ချုပ်ကြေးရုပ်)။
(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ – တနင်္သာရီ–သဲဖြူလမ်း၏ မိုင်တိုင်အမှတ်(၀/၂)၊ ဇောခိကမ်းရွာ။
(င) လမ်းအဆင့်အတန်း – နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး။
(စ) လမ်းနယ်နိမိတ် – ၂၃၀ ပေ။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၁၆၄၉ မိုင် ၆ ဖာလုံ ၄၈၄ ပေ သို့မဟုတ် ၂၆၅၅.၁၆၁ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၀၀/၂၀၂၅)**

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကွမ်းခြံကုန်းမြို့ရှောင်လမ်း ၂ မိုင် ၄ ဖာလုံအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော အထူးသတ်မှတ် **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်–

(က) လမ်းမကြီးအမည် – ကွမ်းခြံကုန်းမြို့ရှောင်လမ်း။
(ခ) လမ်းမကြီးအရှည် – ၂ မိုင် ၄ ဖာလုံ သို့မဟုတ် ၄.၀၂၃ ကီလိုမီတာ။
(ဂ) လမ်းစတင်သည့်နေရာ – တွံတေး – ကော့မှူး – ကွမ်းခြံကုန်းလမ်း၏ မိုင်တိုင်အမှတ် (၂၅/၇)၊ ကမာပါကျေးရွာအနီး။
(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ – ကွမ်းခြံကုန်း–ဒေးဒရဲလမ်း၏ မိုင်တိုင်အမှတ်(၀/၆)၊ တောချောင်းကျေးရွာအနီး။
(င) လမ်းအဆင့်အတန်း – အထူးသတ်မှတ်လမ်း။
(စ) လမ်းနယ်နိမိတ် – ၃၀၀ ပေ။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းမိုင်အရှည် စုစုပေါင်းကို ၉၆၀ မိုင် ၂ ဖာလုံ ၃၄၅ ပေ သို့မဟုတ် ၁၅၄၅.၄၇၇ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၉၈၆/၁၃၄–ကတ၂–၁/ ပထဖ (၆/၂၀၂၅) ဖြင့် ကြိုတင်ခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါ်ချိုချိုပြုံး အား ယင်းဦးစီးဌာနတွင် ဥပဒေအကြံပေးအဖြစ် လစဉ်ချီးမြှင့်ငွေ ၅၀၀,၀၀၀/– (ကျပ်ငါးသိန်း တိတိ) ဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့အထိ ပထမအကြိမ် (၁) နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

၂။ ဒေါ်ချိုချိုပြုံး အား ဥပဒေအကြံပေး ခံစားခွင့်ရှိသော လစဉ်ချီးမြှင့်ငွေ ၅၀၀,၀၀၀/– (ကျပ် ငါးသိန်းတိတိ) ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၏ ငွေစာရင်းခွင့်ပြုရန်ပုံငွေမှ ထုတ်ယူခွင့်ပြုလိုက်သည်။

စိုးမင်းဦး
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင်အဂတိလိုက်စားမှုဖြစ်စေနိုင်သည့်နေရာများကိုစစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိဖြစ်စေနိုင်သည့်နေရာများတွင် မဖြစ်အောင်တားဆီးကာကွယ်ခြင်းနှင့် အဂတိလိုက်စားမှုဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းခြင်းများဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အား သက်ဆိုင်ရာဘဏ်ခွဲတည်ရှိရာ မြို့အလိုက် အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) **နေပြည်တော် (ရုံးချုပ်) အဖွဲ့**

| | | |
|---|---|---|
| (၁) | ဒေါ်မေခိုင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်အေးအေးမော်<br>ညွှန်ကြားရေးမှူး<br>ငွေကြေးစီမံခန့်ခွဲမှုဌာနကြီး | အဖွဲ့ဝင် |
| (၃) | ဦးဝင်းမြင့်ဦး<br>ညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး | အဖွဲ့ဝင် |

(၄) ဦးရာဇာလင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေရေးကြေးရေးဈေးကွက်၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဌာနကြီး

(၅) ဒေါ်ကြေးမုံ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး

(၆) ဒေါ်ခိုင်မြတ်သူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဘဏ်တွင်းစာရင်းစစ်ဌာန

(၇) ဒေါ်စောစောထွေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး

(၈) ဒေါ်မေအိမြိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေကြေးမူဝါဒရေးရာ၊ သုတေသန၊ နိုင်ငံတကာဆက်ဆံရေးနှင့်
သင်တန်းဌာနကြီး

(၉) ဒေါ်မေသန္တာဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ဥက္ကဋ္ဌရုံး

(၁၀) ဒေါ်ဆုမြတ်မွန် — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ဥက္ကဋ္ဌရုံး

**( ခ ) ရန်ကုန်ဘဏ်ခွဲအဖွဲ့**

(၁) ဦးသာမိုး — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီး

(၂) ဒေါ်လဲ့ရီဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဘဏ်တွင်းစာရင်းစစ်ဌာန

(၃) ဒေါ်အေးအေးမြ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနကြီး

(၄) ဒေါ်သင်းသင်းလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေရေးကြေးရေးဈေးကွက်၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဌာနကြီး

(၅) ဒေါ်သင်းရီကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန၊ ရန်ကုန်ဘဏ်ခွဲ

(၆) ဦးသန့်ဇင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး

( ဂ ) **မန္တလေးဘဏ်ခွဲအဖွဲ့**

(၁) ဦးတင်ဝင်းရွှေ — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန

(၂) ဦးနိုင်မင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန

(၃) ဒေါ်ခင်ဆွေနွဲ့မူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန

(၄) ဒေါ်သူဇာဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန

(၅) ဒေါ်အိသန္တာခင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန

**လုပ်ငန်းတာဝန်များ**

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဌာနဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ (ဂယ်ပေါက်များ) ရှိ မရှိ ဆန်းစစ်လေ့လာအကဲဖြတ်ရန်၊

( ခ ) ဆန်းစစ်လေ့လာချက်ပေါ်အခြေခံကာ တားဆီးကာကွယ်ရေးစီမံချက် ရေးဆွဲအကောင်အထည်ဖော်ရန်၊

( ဂ ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် ပုံမှန်အကဲဖြတ်၍ လိုအပ်သောပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်၊

(ဃ) တားဆီးကာကွယ်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အတွေ့အကြုံများဖလှယ်ခြင်း၊ အကြံဉာဏ်ရယူခြင်းများ ဆောင်ရွက်ရန်၊ သင်တန်းများ၊ ဆွေးနွေးပွဲများပြုလုပ်ခြင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( င ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဌာနတွင်းဖွင့်လှစ်မည့် သင်တန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ခြင်း၊

( စ ) အဂတိလိုက်စားသော ပြစ်မှု လုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာ ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ရန်၊

(ဆ) အဖွဲ့ခွဲအသီးသီးမှ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သတင်းပို့တိုင်ကြားသည့်စနစ် (ဥပမာ Email အထောက်အထားများ) ဖြင့် တိုင်ကြားရန်၊ Action Plan ပြုစုတင်ပြရန်၊

( ဇ ) အဂတိလိုက်စားမှုဖြစ်နိုင်သော (ဂယ်ပေါက်များ) အား စနစ်တကျပိတ်ဆို့ထိန်းချုပ်ရန်အတွက် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်နှင့် အဂတိလိုက်စားမှုဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ညွှန်ကြားရေးမှူးချုပ် (ဥက္ကဋ္ဌရုံး) မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊

( ဈ ) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများအား သတင်းထုတ်ပြန်ခြင်း၊

(ည) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များရှိပါက အဖွဲ့၏ဆောင်ရွက်ချက်များကို အဖွဲ့ခေါင်းဆောင် (နေပြည်တော်) မှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ် (ဥက္ကဋ္ဌရုံး) ထံသို့ အစီရင်ခံတင်ပြပြီး ဥက္ကဋ္ဌထံ ဆက်လက်တင်ပြ၍ လမ်းညွှန်မှုခံယူရန်၊

(ဌ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲအဖွဲ့များသည် နေပြည်တော် (ရုံးချုပ်) အဖွဲ့ခေါင်းဆောင်ထံ လစဉ်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများကို တင်ပြရန်၊

(ဍ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့၏ လစဉ်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဥက္ကဋ္ဌထံ တင်ပြရမည့်အပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့လည်း တင်ပြပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးကော်မရှင်သို့ မိတ္တူပေးပို့ရန်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) သည် အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ခြင်း၊ ပညာပေးခြင်း အဂတိလိုက်စားမှု ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရန် အစီရင်ခံတင်ပြခြင်းအားဖြင့် လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာ ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သည်။

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယခင်ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၂၄ ကို ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန်းသန်းဆွေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**ရုံးအမိန့်အမှတ် (၆၅/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၀၀/၅-၆၁ (၁၈၄၇)/ ရေး ၁ (အထဥ) ဖြင့် ဦးနေဝင်းအောင် (ပ/၅၀၂၀)၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) အား ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ချထားခဲ့ပါသဖြင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ ရုံးအမိန့်အမှတ် (၃၇/၂၀၂၅) ဖြင့် ဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစိုးသိန်း | ဝန်ကြီးချုပ် |
| (၂) | ကြည်း ၂၁၈၉၇ ဗိုလ်မှူးကြီး ဝင်းတင့် | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (၃) | ဦးဗိုလ်ငွေး၊ ဥက္ကဋ္ဌ၊ မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | စည်ပင်သာယာရေးဝန်ကြီး |
| (၄) | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး |
| (၅) | ဦးဇော်ဝင်း | သယံဇာတရေးရာဝန်ကြီး |
| (၆) | ဦးငွေအောင် | လူမှုရေးရာဝန်ကြီး |
| (၇) | ဦးကျော်ကျော်စိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (၈) | ဦးစောဂျက်ကော့ထူး | တိုင်းရင်းသားရေးရာဝန်ကြီး |
| (၉) | ဒေါ်ဖြူမာဝေ | ဥပဒေချုပ် |
| (၁၀) | ဦးနေဝင်းအောင်<br>တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

စိုးသိန်း
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ သုတေသနနှင့် စီမံကိန်း၊ စာရင်းအင်းစိစစ်ရေးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးစိန်နိုင်အား သုတေသနနှင့် စီမံကိန်း၊ စာရင်းအင်းစိစစ်ရေးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

နေလင်း

အမြဲတမ်းအတွင်းဝန်

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၆၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

**သက်ပြည့်ပင်စင်ခံစားခွင့်ပြုခြင်း**

၁။ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝေ ၏ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မေလ ၂၃ ရက်နေ့အထိ) တောင်းခံတင်ပြထားခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၄-၅-၂၀၂၆ ရက်နေ့မှ ၂၃-၉-၂၀၂၆ ရက်နေ့အထိ ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၄-၉-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဇော်ဟိန်း

ညွှန်ကြားရေးမှူးချုပ်

## စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

အမှတ် ၂၃၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

စန်းလွင် ကြည်း ၈၁၆၆၂

### (ရေတပ်ဌာနစု)

အမှတ် ၁၄/၂၀၂၅။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၇) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှအစပြု၍ တပ်မတော်(ရေ) စက်မှုလက်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ(ဒုတိယဗိုလ်)အဖြစ် ခန့်အပ်လိုက်သည်-

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) | အာကာဖြိုး | ရေ | ၅၈၄၂ | (၄) | လင်းဆက်ဖြိုး | ရေ | ၅၈၄၅ |
| (၂) | ဉာဏ်ရဲရင့် | ရေ | ၅၈၄၃ | (၅) | မြတ်ထူးလွင် | ရေ | ၅၈၄၆ |
| (၃) | သန့်တည်ထွန်း | ရေ | ၅၈၄၄ | (၆) | ရဲရင့်ကို | ရေ | ၅၈၄၇ |

### (လေတပ်ဌာနစု)

အမှတ် ၁၂/၂၀၂၅။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၇) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှအစပြု၍ တပ်မတော်(လေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

**တပ်မတော်(လေ)**

**စက်မှုလက်မှုဌာနခွဲ(စက်မှု)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) | အောင်စိုးပိုင် | လေ | ၄၇၁၉ | (၄) | ထက်ဝေယံ | လေ | ၄၇၃၀ |
| (၂) | စွမ်းပြည့်စုံ | လေ | ၄၇၂၀ | (၅) | ဘုန်းပြည့်လျှံ | လေ | ၄၇၃၂ |
| (၃) | ဇင်မင်းလွင် | လေ | ၄၇၂၃ | | | | |

**စက်မှုလက်မှုဌာနခွဲ(အီလက်ထရောနစ်)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) | စွမ်းထက်အောင် | လေ | ၄၇၁၈ | (၃) | ဘုန်းမြတ်ဟိန်း | လေ | ၄၇၂၇ |
| (၂) | ဖြိုးမောင်မောင်ပြည့် | လေ | ၄၇၂၂ | (၄) | စံရွှေဘုန်း | လေ | ၄၇၂၈ |

**စက်မှုလက်မှုဌာနခွဲ(လျှပ်စစ်)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) | ပြည့်ဖြိုးသန့် | လေ | ၄၇၂၄ | (၃) | ဟိန်းမင်းဌေး | လေ | ၄၇၂၉ |
| (၂) | မြတ်မင်းပိုင် | လေ | ၄၇၂၅ | (၄) | သန်းတိုးအောင် | လေ | ၄၇၃၁ |

**စက်မှုလက်မှုဌာနခွဲ(လက်နက်)**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) | အောင်မျိုးဝင်း | လေ | ၄၇၂၁ | (၂) | ကောင်းဆက်လွင် | လေ | ၄၇၂၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၂၅၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၀/၂၀၂၅ ဖြင့် အစမ်းခန့်ထားခဲ့သော အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂၆) ဦးတို့အား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင်ဖွင့်လှစ်သည့် အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၄) သို့ တက်ရောက်ပြီးစီးသည့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် အမည်နှင့်ယှဉ်တွဲပါဌာနများတွင် အတည်ပြုခန့်ထားလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | အဘအမည် | တာဝန်ထမ်းဆောင် ရမည့်ဌာန |
|---|---|---|---|---|
| ၁ | ဒေါ်အေးမို့မို့ | ၁၂/ရပသ(နိုင်) ၀၉၀၂၅၀ | ဦးခင်မောင်စိုး | ညွှန်ကြားရေးမှူးရုံး ကရင်ပြည်နယ် |
| ၂ | ဦးစွမ်းလိုင်မင်း | ၉/ပသက(နိုင်) ၁၃၇၈၇၂ | ဦးကျော်စွာလိုင် | ညွှန်ကြားရေးမှူးရုံး ကရင်ပြည်နယ် |
| ၃ | ဒေါ်မေသန္တာစိုး | ၅/စကန(နိုင်) ၂၄၄၉၇၆ | ဦးသန်းစိုး | ညွှန်ကြားရေးမှူးရုံး မန္တလေးတိုင်းဒေသကြီး |
| ၄ | ဒေါ်ဝေဝေအောင် | ၉/ပကခ(နိုင်) ၀၃၁၇၅၉ | ဦးအောင်ဇော်ဝင်း | ညွှန်ကြားရေးမှူးရုံး မန္တလေးတိုင်းဒေသကြီး |
| ၅ | ဒေါ်ငြိမ်းငြိမ်းဇော် | ၅/ဝလန(နိုင်) ၁၈၇၂၄၂ | ဦးဇော်မင်းဦး | ညောင်ဦးခရိုင် မန္တလေးတိုင်းဒေသကြီး |
| ၆ | ဒေါ်သီရိထွန်း | ၉/ဝတန(နိုင်) ၁၉၁၀၃၂ | ဦးထွန်းထွန်းဦး | မိတ္ထီလာခရိုင် မန္တလေးတိုင်းဒေသကြီး |
| ၇ | ဒေါ်ခိုင်ဖူးဟန် | ၉/ခမစ(နိုင်) ၀၅၃၃၉၆ | ဦးဟန်စိုး | ကျောက်ဆည်ခရိုင် မန္တလေးတိုင်းဒေသကြီး |
| ၈ | ဒေါ်ခိုင်ချစ်ချစ်စိုး (ခ) ဒေါ်ချစ်ချစ်စိုး | ၉/ပဗသ(နိုင်) ၀၀၉၈၅၄ | ဦးရွှေရီ | ပြင်ဦးလွင်ခရိုင် မန္တလေးတိုင်းဒေသကြီး |
| ၉ | ဒေါ်အိထက်ထက်မြတ် | ၉/ဇယသ(နိုင်) ၀၀၆၅၈၃ | ဦးမြတ်သူ | ညွှန်ကြားရေးမှူးရုံး မွန်ပြည်နယ် |
| ၁၀ | ဒေါ်ခင်မို့မို့ငြိမ်း | ၅/မကန(နိုင်) ၀၈၇၃၉၉ | ဦးထွန်းကြည် | ညွှန်ကြားရေးမှူးရုံး မွန်ပြည်နယ် |
| ၁၁ | ဒေါ်နန်းချယ်ရီထွန်း | ၉/ပကခ(နိုင်) ၀၃၂၄၃၈ | ဦးဇော်ဦး | ညွှန်ကြားရေးမှူးရုံး မွန်ပြည်နယ် |
| ၁၂ | ဦးကျော်သူရဇော် | ၁/မကန(နိုင်) ၂၁၉၈၁၅ | ဦးခင်ဇော် | ညွှန်ကြားရေးမှူးရုံး မွန်ပြည်နယ် |
| ၁၃ | ဒေါ်အေးချမ်းမိုး | ၉/ဇဗသ(နိုင်) ၀၀၃၆၂၃ | ဦးသိန်းဇော် | ညွှန်ကြားရေးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး |
| ၁၄ | ဒေါ်အိစက်ဝေ | ၉/ပမန(နိုင်) ၂၇၁၈၉၂ | ဦးညွန့်ဝေ | ညွှန်ကြားရေးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | အဘအမည် | တာဝန်ထမ်းဆောင်ရမည့်ဌာန |
|---|---|---|---|---|
| ၁၅ | ဒေါ်ခင်ရတနာဖြိုး | ၈/မဘန(နိုင်) ၁၄၉၇၀၂ | ဦးလှကြည် | ညွှန်ကြားရေးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး |
| ၁၆ | ဒေါ်သန္တာထွန်း | ၈/ပခက(နိုင်) ၂၇၇၆၃၃ | ဦးတင်ထွန်းအောင် | ညွှန်ကြားရေးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး |
| ၁၇ | ဒေါ်သက်စုလှမြင့်သိန်း | ၉/မထလ(နိုင်) ၃၂၃၆၂၆ | ဦးလှမြင့်သိန်း | ညွှန်ကြားရေးမှူးရုံး ရှမ်းပြည်နယ် |
| ၁၈ | ဦးဟိန်းထက်အောင် | ၉/ပဥလ(နိုင်) ၀၅၀၈၆၈ | ဦးအောင်အောင်ကြွယ် | ညွှန်ကြားရေးမှူးရုံး ရှမ်းပြည်နယ် |
| ၁၉ | ဒေါ်ဒီဇင်ဆိုင်းပန် | ၁/တနန(နိုင်) ၀၁၈၆၀၅ | ဦးမြင့်နွယ် | ညွှန်ကြားရေးမှူးရုံး ရှမ်းပြည်နယ် |
| ၂၀ | ဒေါ်ချိုဇင်တေဇ | ၁၃/ရစန(နိုင်) ၁၀၄၇၇၁ | ဦးထွန်းထွန်းဝင်း (ခ) ဦးတေဇ | ညွှန်ကြားရေးမှူးရုံး ရှမ်းပြည်နယ် |
| ၂၁ | ဒေါ်အိအိချမ်းမြေ့ | ၉/အမဇ(နိုင်) ၀၄၉၀၉၅ | ဦးအောင်သန်းနိုင်ဦး | ညွှန်ကြားရေးမှူးရုံး ရှမ်းပြည်နယ် |
| ၂၂ | ဒေါ်ဇင်မာထက် | ၉/ပဗသ(နိုင်) ၀၀၅၅၄၈ | ဦးစိုးသိန်း | ညွှန်ကြားရေးမှူးရုံး ရှမ်းပြည်နယ် |
| ၂၃ | ဒေါ်ဝင့်မွန်မွန်အိ | ၁၄/လပတ(နိုင်) ၂၃၂၅၄၄ | ဦးမိုးလွင် | ညွှန်ကြားရေးမှူးရုံး ဧရာဝတီတိုင်းဒေသကြီး |
| ၂၄ | ဦးလှိုင်မျိုးထက် | ၉/ညဥန(နိုင်) ၂၀၄၂၃၇ | ဦးစိုးတင့် | ညွှန်ကြားရေးမှူးရုံး ဧရာဝတီတိုင်းဒေသကြီး |
| ၂၅ | ဒေါ်လှိုင်သီရိထွန်း | ၉/ကပတ(နိုင်) ၂၆၃၀၂၀ | ဦးရဲသန်း | ညွှန်ကြားရေးမှူးရုံး ဧရာဝတီတိုင်းဒေသကြီး |
| ၂၆ | ဒေါ်လှိုင်းအိဇာကျော် | ၉/ပမန(နိုင်) ၂၈၂၂၃၄ | ဦးဇော်ထူး | ညွှန်ကြားရေးမှူးရုံး ဧရာဝတီတိုင်းဒေသကြီး |

ဒေါက်တာ ဆန်းဦး
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## **အဆင့်မြင့်ပညာဦးစီးဌာန**

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

အမှတ် ၁၂၆၆။ ၂၆-၁၁-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၅) အစီအစဉ် ၄ (ဃ - ၈) ၌ သဘောတူဆုံးဖြတ်ချက်အရ ပြည်တက္ကသိုလ် ရူပဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ အောင်ဇော်ဦး အား ၃၀-၁၂-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၃၀-၄-၂၀၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ ၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သန်းဇော်ဦး
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကြေညာစာ

**Boyar Nyunt Company Limited**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ နံနက် (၉:၀၀) နာရီအချိန်တွင် အခန်းအမှတ် – ၆၀၈၊ (၆) လွှာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ဒေါ်ခင်စောယု

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ